# COVID - 19 ဖြစ်ပွားစဉ်ကာလအတွင်း သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် စံကိုက်လုပ်ငန်းလမ်းညွှန်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၂၀၂၀ ခုနှစ်၊ မေလ

# COVID - 19 ဖြစ်ပွားစဉ်ကာလအတွင်း သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် စံကိုက်လုပ်ငန်းလမ်းညွှန်

(၂၀၂၀) ခုနှစ်၊ မေလ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ (Dengue Epidemiological Situation) | ၂ |
| ၃ | စံကိုက်လုပ်ငန်းလမ်းညွှန်ချက်၏ ရည်ရွယ်ချက် | ၃ |
| ၄ | သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက်ပြင်ဆင်ဆောင်ရွက်ခြင်း<br>၄.၁။ ဗဟိုအဆင့်မှဆောင်ရွက်ရန်<br>၄.၂။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှဆောင်ရွက်ရန်<br>၄.၃။ မြို့နယ်အဆင့်မှ ဆောင်ရွက်ရန်<br>၄.၄။ ပြည်သူ့ဆေးရုံများ၊ ဆေးခန်းများ၊ ဓါတ်ခွဲဌာနများနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများမှ ဆောင်ရွက်ရန်<br>၄.၅။ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်သူများနှင့် စေတနာ့ဝန်ထမ်းများ ဆောင်ရွက်ရန် | ၄ |
| ၅ | လုပ်ငန်းဆန်းစစ်ဆွေးနွေးခြင်း | ၁၅ |
| ၆ | ရန်ပုံငွေ သုံးစွဲခြင်း | ၁၆ |
| ၇ | နိဂုံး | ၁၆ |
| ၈ | နောက်ဆက်တွဲများ<br>(၁) သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေကို ကာကွယ်ထိန်းချုပ်ရန်အတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ<br>(၂) ရက်သတ္တပါတ်အတွင်း ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ဦးတည် နေရာများနှင့်ဆောင်ရွက်ရမည့်ပုဂ္ဂိုလ်များ<br>(၃) သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးစီမံချက် လုပ်ငန်းအချိန်ပြဇယား<br>(၄) သွေးလွန်တုပ်ကွေးရောဂါစာရင်းဇယားပုံစံများ | ၁၇ |

# COVID - 19 ဖြစ်ပွားစဉ်ကာလအတွင်း သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် စံကိုက်လုပ်ငန်းလမ်းညွှန်

## ၁။ နိဒါန်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ COVID-19ရောဂါကို pandemic အဖြစ် ၂၀၂၀ခုနှစ်၊ မတ်လ (၁၁)ရက်နေ့တွင် ကြေငြာခဲ့ပြီး မြန်မာနိုင်ငံတွင် မတ်လ(၂၃)ရက်နေ့မှစ၍ COVID-19 ရောဂါ ခါတ်ခွဲ အတည်ပြုလူနာကို စတင် တွေ့ရှိခဲ့ပါသည်။ ယခုအခါတွင် COVID-19 ကပ်ရောဂါသည် ကမ္ဘာ တစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီမံခန့်ခွဲမှုစနစ်များကို ကြီးမားသော ဖိအားပေး နေပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများ အားလုံးသည် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက် ရှိပါသည်။ သို့ရာတွင် အခြားသော ကူးစက်ရောဂါ (သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေး၊ ဝက်သက်၊ ဝမ်းရောဂါ စသဖြင့်) ကာကွယ်နှိမ်နင်းကုသရေးဖက်တွင် လစ်ဟာမှုများ ဖြစ်ပေါ် လာသကဲ့သို့ မုတ်သုန် ကာလတွင် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင် ကာကွယ်နိုင်ရေး မိုးမကျမီ ဆောင်ရွက်ထားရန် လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါသည် (၂)နှစ် (၃)နှစ် လျှင် (၁)ကြိမ် ကပ်ရောဂါ အသွင် ဖြစ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အမြင့်ဆုံးအနေဖြင့် ၂၀၁၅-ခုနှစ်တွင် (၄၃၈၄၅)ဦး ဖြစ်ပွားခဲ့ပြီး၊ အမြင့်ဆုံးသေဆုံးမှု (၄၄၄)ဦးကို ၁၉၉၄-ခုနှစ်တွင် တွေ့ရှိ ခဲ့ပါသည်။ သို့ရာတွင် သွေးလွန်တုပ်ကွေးရောဂါ၏ သေဆုံးနှုန်းမှာမူ ၁၉၇၀-ခုနှစ်တွင်(၅.၅%) မှ ၂၀၁၅-ခုနှစ်တွင် (၀.၃၇%)သို့ ကျဆင်းခဲ့ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စီမံချက်၏ ဝိသေသ ရည်မှန်းချက်များမှာ -

- သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ၂၀၂၀-ခုနှစ်တွင် ၂၀၁၅-ခုနှစ် ဖြစ်ပွားမှု၏ (၂၅%)သို့လည်းကောင်း၊ ၂၀၂၅-ခုနှစ်တွင်(၅၀%)ထိလည်းကောင်း လျှော့ချရန်၊
- သွေးလွန် တုပ်ကွေးရောဂါဖြင့် သေဆုံးမှုကို ၂၀၂၀-ခုနှစ်တွင် ၂၀၁၅-ခုနှစ် သေဆုံးမှု၏ (၅၀%)သို့လည်းကောင်း၊ ၂၀၂၅-ခုနှစ်တွင် (၉၀%)ထိလည်းကောင်း လျှော့ချရန်၊
- သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးနှုန်း (Case Fatality Rate) ကို (<1%) တွင် ထိန်းထားရန် ဖြစ်ပါသည်။

SDG Goal 3.3 အရ ၂၀၃၀-ခုနှစ်တွင် (Neglected Tropical Diseases) တွင် ပါဝင်သော သွေးလွန်တုပ်ကွေးရောဂါကို ကပ်ရောဂါအသွင် ဖြစ်ပွားမှုမှ အဆုံးသတ်ရန် ဖြစ်ပါသည်။

COVID-19 ကူးစက်မြန်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကဲ့သို့သော ပိုးမွှားများမှကူးစက်သောရောဂါများကို ကာကွယ်ရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် ကုသရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အလေးထားပြောကြားခဲ့

ပါသည်။ ကျန်းမာရေးဝန်ထမ်းများကို COVID-19 ရောဂါတုန့်ပြန်မှုပေးရန်တာဝန်များ ပေးထားသည့် လက်ရှိအခြေအနေတွင် လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တိုက်တွန်းထားပါသည်။

COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် တစ်ချိန်တည်းတွင် နိုင်ငံအမြောက်အမြား၌ သွေးလွန်တုပ်ကွေးနှင့် arbovirus ကြောင့်ဖြစ်သော အခြားရောဂါဖြစ်ပွားမှုများလည်း မြင့်တက်လျက်ရှိသောကြောင့် မိုးရာသီသို့ရောက်ရှိတော့မည့်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြလူဦးရေ များပြားခြင်းသည် ရောဂါနှစ်မျိုးလုံးအတွက် ကူးစက်နိုင်စွမ်း အမြင့်မားဆုံးဖြစ်စေသောကြောင့် အရေးကြီးပါသည်။ COVID-19 ကပ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှု(၂)ခု ပေါင်းစပ်ဖြစ်ပွားမှုသည် လူသားများအတွက် အန္တရာယ်ကြီးမားသော အကျိုးဆက်များဖြစ်စေနိုင်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာတစ်ခုဖြစ်သော အဖျားတက်ခြင်းသည် COVID-19 ကပ်ရောဂါအား စစ်ဆေးမှုများအပေါ် မှားယွင်းသက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ကြောင့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးတွဲ ဆောင်ရွက်ရပါမည်။

ထိုသို့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များဖြစ်သည့် လူစုလူဝေးများ ပြုလုပ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ COVID-19 ကပ်ရောဂါကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေး လမ်းညွှန်ချက်များ၊ လိုအပ်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အသုံးပြုခြင်းဖြင့် COVID-19 ကပ်ရောဂါကူးစက်မှုမရှိစေရန် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၂။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ (Dengue Epidemiological Situation)

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါသည်ဖြစ်ပွားမှုသည် မိုးရာသီတွင် မြင့်တက်လေ့ရှိပြီး ဇူလိုင်လခန့်တွင် အမြင့်ဆုံး ဖြစ်ပွားလေ့ရှိပါသည်။ (၂၀၁၉)ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ (၂၄၁၇၈)ဦးရှိပြီး၊ (၁၃၂)ဦးသေဆုံးခဲ့ပါသည်။ ယခင်က မြို့ကြီးများ တွင်သာ အဖြစ်များသော်လည်း ယခုအခါတွင် ကျေးလက်ဒေသများတွင်ပါ ဖြစ်ပွားလာသည်ကို တွေ့ရှိရပါသည်။ အသက်(၅)နှစ်မှ (၉)နှစ်အရွယ် ကလေးများတွင် ဖြစ်ပွားမှုများပြားသည်ကို တွေ့ရှိရပြီး အသက်အရွယ်မရွေး၊ ကျား၊မ မရွေး ဖြစ်ပွားနိုင်ပါသည်။ (၂၀၁၉)ခုနှစ်အတွင်း ဓါတ်ခွဲစမ်းသပ်မှုများအရ သွေးလွန်တုပ်ကွေး Serotype (၄)မျိုးရှိသည့်အနက် Serotype (1,2,3)တို့ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါပိုးအဓိက သယ်ဆောင်သော ခြင်ကျား

မှာ (*Aedes aegypti*) ဖြစ်ပြီး မိုးရာသီစတင်သည်နှင့် အဆိုပါ ခြင်များ ပေါက်ပွားလေ့ရှိသည့်အတွက် ကပ်ရောဂါအသွင် မဖြစ်ပွားအောင် ကာကွယ်နှိမ်နင်းရမည် ဖြစ်ပါသည်။

၂၀၁၉-ခုနှစ် သတင်းအချက်အလက်များအရ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု၏ (၇၇%)ကို တိုင်းဒေသကြီး/ပြည်နယ်(၈)ခု (ကချင်၊ မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်း၊ ရန်ကုန်၊ ရခိုင်၊ မွန်နှင့် မကွေး)တို့တွင် တွေ့ရပြီး သေဆုံးမှု၏(၅၀%) သည် ရန်ကုန်နှင့် ကချင်ပြည်နယ်တို့မှ ဖြစ်ပါ သည်။ ၂၀၂၀ပြည့်နှစ်၊ ဧပြီလကုန်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ(၈၈၅)ဦးရှိပြီး၊ (၇)ဦး သေဆုံးခဲ့ပါသည်။ ၂၀၂၀-ခုနှစ်၊ ဧပြီလကုန်အထိ သွေးလွန်တုပ်ကွေးကပ်ရောဂါအသွင် ဖြစ်ပွားကြောင်းသတ်မှတ်နိုင်မည့် Cut off Point ဖြစ်သည့် Mean (5 years) + 2SD ဦးရေ (၂၀၅၆)ဦး ထိ သတင်းပို့ လူနာဦးရေ မရှိခဲ့ကြောင်း တွေ့ရှိရသော်လည်း လာမည့် မိုးရာသီ ကာလများနှင့် ယခုကဲ့သို့ COVID-19 ဖြစ်ပွားနေသော ကာလများတွင် ကပ်ရောဂါအသွင် မဖြစ်ပွားစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၃။ စံကိုက်လုပ်ငန်းလမ်းညွှန်ချက်၏ ရည်ရွယ်ချက်

၃-၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ကပ်ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်၊ ကာကွယ်တားဆီးရေးလုပ်ငန်း လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ တိကျစွာ လိုက်နာပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် တွဲဖက်၍ စနစ်တကျ သေချာစွာ ဆောင်ရွက်နိုင်ရန်၊

၃-၂။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို လျော့ချ၍ သေဆုံးမှုမရှိစေရေး ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

## ၄။ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက်ပြင်ဆင် ဆောင်ရွက်ခြင်း

COVID-19 ကပ်ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်၊ ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်နေစဉ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုပါ တပါတည်း ဆောင်ရွက်ရပါမည်။ အောက်ပါ အချက်များကို ပြင်ဆင်ဆောင်ရွက်ရပါမည်။

## ၄.၁။ ဗဟိုအဆင့်မှဆောင်ရွက်ရန်

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ကာကွယ်တားဆီးရေး လုပ်ငန်းလမ်းညွှန်ချက်များကို ဖြန့်ဝေ ပေးရမည်။

(၂) ဗဟိုအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ် COVID-19ထိန်းချုပ်ကာကွယ်ကုသရေးကော်မတီသို့ COVID - 19 ကပ်ရောဂါကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးတွဲ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းရမည်။

(၃) COVID-19 ကပ်ရောဂါအတွက် ဖွဲ့စည်းထားသော တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ကော်မတီများကို ဗဟိုမှ ချိတ်ဆက်အကြောင်းကြား ဆောင်ရွက်ရမည်။

(၄) COVID-19 ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံကိုက် လုပ်ငန်းလမ်းညွှန်များကို တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်များရှိ ကျန်းမာရေး ဝန်ထမ်းများသို့ ဖြန့်ဝေပေးခြင်း၊ Mobile Tablet များသို့ ထည့်သွင်း၍ ကျန်းမာရေးဝန်ထမ်းများအား လမ်းညွှန်မှုပေးခြင်းများ ဆောင်ရွက်ရမည်။

(၅) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့်ရှိ COVID-19 ထိန်းချုပ်ကာကွယ် ကုသရေးကော်မတီများ ရပ်ကွက်/ ကျေးရွာအဆင့်ရှိ အုပ်ချုပ်ရေးမှူးများ၊ အခြားသောဝန်ကြီးဌာနများ၊ စေတနာ့ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ EHO များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများပါဝင် ကူညီဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်သိရှိနိုင်ရန် စီစဉ်ညွှန်ကြားပေးရမည်။

(၆) လိုအပ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးပစ္စည်းများ ဖြစ်သည့် (Abate များ၊ Portable Ultra Low Volume Fogger ၊ Thermal Fogger များ၊ IEC များ၊ Malathion နှင့် Dengue Test kit) များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လုံလောက်အောင် အချိန်မီ ဝယ်ယူ ဖြန့်ဖြူးပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန် (Mask, Face shield, Glove, Apron) များကို ဝယ်ယူဖြန့်ဖြူးရေးဌာနနှင့် ချိတ်ဆက်၍ လုံလောက်စွာ အချိန်မီ ဖြန့်ဝေပေးရန် ဆောင်ရွက်ရမည်။

(၇) COVID-19 ရောဂါ ဖြစ်ပွားနေသော ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် COVID-19ရောဂါအကာကွယ်ပစ္စည်းများဖြစ်သော( Mask, Face shield, Glove, Apron) ဝတ်ဆင်ပြီးမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း လမ်းညွှန်ချက်များ ထုတ်ပြန်ရမည်။

(၈) သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် COVID-19 ရောဂါကူးစက်မှုမှကာကွယ်ရန် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနနှင့် ပူးပေါင်း၍ ပြည်သူများပူးပေါင်း လိုက်နာရမည့် အချက်များကို နိုင်ငံပိုင်မီဒီယာများ၊ ပိုစတာများ၊

လက်ကမ်းစာစောင်များ၊ အသံချဲ့စက်များ၊ လူမှုကွန်ရက်များကို အသုံးပြု၍ ထုတ်လွှင့်ဖြန့်ဝေကာ ကြိုတင်သတိပေးအကြောင်းကြားရမည်။

(၉) COVID- 19 အရေးပေါ် ဖုန်းနံပါတ်များတွင် သွေးလွန်တုပ်ကွေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများပါ ထည့်သွင်းပေးရမည်။

(၁၀) တိုင်းဒေသကြီး/ပြည်နယ် မြို့နယ်အဆင့်ရှိ ဆေးရုံများအထိ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Video Conferencing များပြုလုပ်၍ Clinical Management Guideline များ BHS Guideline သင်တန်းများပို့ချနိုင်ရန် ဆောင်ရွက်ရမည်။

(၁၁) COVID-19 ကပ်ရောဂါဖြစ်ပွားနေသော မြို့နယ်များရှိ ဆေးရုံများအားလုံးနှင့် ဒေသန္တရကျန်းမာရေးဌာနများတွင် ဖွင့်လှစ်သော Fever clinic များသို့ သွေးလွန်တုပ်ကွေးသံသယလူနာများအား စစ်ဆေးဖော်ထုတ်နိုင်ရေး လုပ်ငန်းလမ်းညွှန်များဖြင့်ညွှန်ကြားရန်၊ Dengue Test kit များ လုံလောက်စွာ ထောက်ပံ့ပေးရန် စီစဉ်ရမည်။

(၁၂) သွေးလွန်တုပ်ကွေးရောဂါ ကုသရေးလုပ်ငန်းများကို COVID-19 Clinical Management ကော်မတီအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်သွားရမည်။

(၁၃) Logistics ( Gelofusin, Dengue Test kit, PRP) များအစရှိသည့် လိုအပ်ချက်များကို ကုသရေးဦးစီးဌာနမှ စဉ်ဆက်မပြတ် ကြည့်ရှုပြီး၊ ဝယ်ယူဖြန့်ဖြူးရေးဌာနနှင့် ညှိနှိုင်းကာ ဖြည့်ဆည်း ဆောင်ရွက်သွားရမည်။

(၁၄) သွေးလွန်တုပ်ကွေးရောဂါလူနာများကို ဆေးရုံ ဆေးခန်းသို့ ပို့ဆောင်ရာ၌ အသွားအလာ ကန့်သတ်ထားသော အချိန်/ နေရာများတွင် ခရီးဖြတ်သန်း သွားလာခွင့်ကို ဗဟိုကော်မတီမှ လမ်းညွှန်ပေးရမည်။

(၁၅) အမျိုးသားကျန်းမာရေးဓါတ်ခွဲဌာနနှင့် ချိတ်ဆက်ပြီး ယခုနှစ် ဖြစ်ပွားသော Dengue Serotype စစ်ဆေးရန် ညှိနှိုင်းဆောင်ရွက်သွားရမည်။

(၁၆) ရောဂါဖြစ်ပွားမှုအခြေအနေများကို mobile phoneဖြင့် ခိုင်မာမြန်ဆန်စွာ နေ့စဉ်သတင်းပေးပို့မှုစနစ်ကို တည်ဆောက်၍ အချိန်နှင့် တပြေးညီ စောင့်ကြည့် ထောက်လှမ်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား/ သေဆုံးနေမှုများကို သတင်းထုတ်ပြန်ပေးရမည်။

(၁၇) ဆင့်ကဲ သတင်းပို့စနစ်ကို တည်ဆောက်သွားရမည်။ ဗဟိုရပကန (Contact hotline no-0673422565)

(၁၈) ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့၏ သက်ဆိုင်ရာ Data Focal Person များ အဆင့်တိုင်းတွင်ထားရှိပြီး သတင်းအချက်အလက်များကို နေ့စဉ်ကိုက်ညှိ၍ စာရင်းများကို Viber Group (သို့မဟုတ်) Fax (သို့မဟုတ်) Telephone ဖြင့် သတ်မှတ် ထားသည့် အချိန်အတိုင်း အဆင့်ဆင့် အရောက်ပေးပို့နိုင်အောင် ဆောင်ရွက်ရမည်။ဆေးရုံများမှ နေ့စဉ်သွေးလွန်တုပ်ကွေးအတည်ပြုလူနာ စာရင်းအား တိုင်းဒေသကြီး

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ နေ့လည် (၁၂) နာရီအရောက် ပေးပို့ရမည်။ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်ဆင့် ဗဟိုရပကနသို့ နေ့လည်(၂)နာရီအရောက်ပေးပို့ရမည်။ ဗဟိုရပကနသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတဆင့် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ နေ့စဉ်မနက် (၈)နာရီအရောက် သတင်းပေးပို့ရမည်။

(၁၉) ပုဂ္ဂလိကဆေးရုံများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော (MMA, GP Society) တို့နှင့် သွေးလွန်တုပ်ကွေးရောဂါ လူနာကုသမှု/ သတင်းအချက်အလက် ရယူခြင်းများအား လိုအပ်သလို ညှိနှိုင်း ဆောင်ရွက်သွားရမည်။

(၂၀) ဗဟို Web site များဖြစ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာ CDC Facebook Page များမှ နေ့စဉ်/ အပတ်စဉ် လုပ်ဆောင်ချက်များ၊ သတင်းများကို လိုအပ်လို အသိပေး ထုတ်ပြန်သွားရမည်။

(၂၁) ရက်သတ္တပါတ်အတွင်း ဖုံး၊ သွန်၊ တိုက်ချွတ်၊ လဲ၊ စစ် လုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိကရုံးဌာနများ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များ၊ ဈေးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများ၊စာသင်ကျောင်းများ၊ တက္ကသိုလ်များအားလုံးနှင့်ရပ်ကွက်၊ ကျေးရွာ အုပ်စုထဲရှိ (သို့) နေအိမ်များနှင့် အိမ်ပတ်ဝန်းကျင်၊ လမ်းပတ်ဝန်းကျင် နေရာများတွင် COVID - 19 ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များ နှင့်အညီ ပြုလုပ်ဆောင်ရွက်ရန် လမ်းညွှန်မှုပေးရမည်။

(၂၂) သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရာတွင် ခြင်သက်ကြီးကောင်ဖြစ်မှ နှိမ်နင်းခြင်းထက် ပိုးလောက်လန်းပေါက်ပွားမှု ကာကွယ်နှိမ်နင်းရေးသည် ပိုမိုထိရောက်ပါသဖြင့် ယခင်ဆောင်ရွက်ခဲ့သော Aedes Free Schools ( ခြင်ကျားကင်းစင်ကျောင်းများ) အစား Larva Free Schools (ပိုးလောက်လန်းကင်းစင်ကျောင်းများ) အဖြစ် အမည်ပြောင်းလဲ သတ်မှတ်ရန် ကျောင်းကျန်းမာရေးဌာနခွဲနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၂၃) ခြင်ကျားပိုးလောက်လန်းကင်းစင်ကျောင်းများ ဖြစ်စေရေး ယခု ကျောင်းများ ပိတ်ထားချိန်တွင် ကျောင်းကျန်းမာရေးဌာန၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် အသေးစိတ် လမ်းညွှန်ပြုစု ဆောင်ရွက်ရမည်။ ကျောင်းပြန်ဖွင့်လျှင် လမ်းညွှန်ချက်များ လိုက်နာရေးကိုပါ စီစဉ်၍ ကျောင်းသားများကတဆင့် မိဘပြည်သူများ လိုက်နာလာစေရန် Behavior Change Communication များ ဆောင်ရွက်ရမည်။

(၂၄) ဆောင်ရွက်သော လုပ်ငန်းစဉ်များ ထိရောက်မှုကို ပြန်လည်တိုင်းတာ ပြုပြင်နိုင်ရန် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် ချိတ်ဆက်၍ သွေးလွန်တုပ်ကွေးဆိုင်ရာ အသိအမြင်ရရှိမှု၊ ခံယူချက်၊ ခံယူကျင့်သုံးမှုများ အခြေအနေကို တောရောမြို့ပါ Implementation Research များပြုလုပ် ဆောင်ရွက်ရမည်။

(၂၅) ဗဟိုမှ ညွှန်ကြားချက်များကို လုပ်ငန်းဆောင်ရွက်သူများအားလုံး နားလည်သိရှိစေရန် ဆောင်ရွက်ရမည်။

## ၄.၂။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှဆောင်ရွက်ရန်

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ကာကွယ်တားဆီးရေး လုပ်ငန်းလမ်းညွှန်ချက်များကို ဖြန့်ဝေ ပေးရမည်။

(၂) COVID-19ဖြစ်ပွားစဉ်ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် COVID-19ရောဂါကာကွယ်ထိန်းချုပ်ကုသရေးကော်မတီမှ သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကိုပါ အချိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ် ညှိနှိုင်းလမ်းညွှန်မှု ပေးနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တင်ပြ ဆောင်ရွက်ရမည်။

(၃) COVID- 19 ဖြစ်ပွားစဉ်ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်ရာတွင်လိုက်နာရမည့်စံကိုက်လုပ်ငန်းလမ်းညွှန်များကိုတိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များရှိ ကျန်းမာရေးဝန်ထမ်းများသို့ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ရမည်။

(၄) တိုင်းဒေသကြီး/ပြည်နယ်အဆင့်သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအသိပေးဆွေးနွေးခြင်း (Advocacy meeting) ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များသို့လည်းကောင်း သက်ဆိုင်ရာသွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကော်မတီ (သို့မဟုတ်) COVID- 19 ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီမှ ဦးဆောင်၍ Video conferencing ပြုလုပ် ဆောင်ရွက်ပေးရမည်။

(၅) ဝန်ကြီးဌာန ဗဟိုအပြင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများထံမှ ရန်ပုံငွေရရှိရန် တင်ပြဆောင်ရွက်ရမည်။

(၆) အုပ်ချုပ်ရေးဌာန၊ စည်ပင်သာယာရေးဌာနများနှင့် အခြားသော နီးနွယ်ဌာန ဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများပါဝင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်အသိပေးညှိနှိုင်းရမည်။

(၇) လိုအပ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ဆက်စပ်ပစ္စည်းများနှင့် COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို တွက်ချက်၍ ဗဟိုသို့ တင်ပြတောင်းခံရမည်။ လိုအပ်ချက် ရှိပါက ထပ်မံ၍ တင်ပြတောင်းခံရမည်။

(၈) သွေးလွန်တုပ်ကွေးရောဂါကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများ ဖြန့်ဝေခြင်း၊ လူများဖြတ်သန်းသွားလာ နားနေရာ နေရာများတွင် ဗီနိုင်း ဆိုင်းဘုတ်များ ထောင်ထားခြင်းများ ပြုလုပ်နိုင်ရန် ကြိုးကြပ်ဆောင်ရွက်ရမည်။

(၉) တိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့သည် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းကုသရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်မြို့နယ်အဆင့်ရှိဆေးရုံများအထိ Video Conferencing များပြုလုပ်၍ Clinical Management Guideline များ၊ BHS Guideline သင်တန်းများ ပို့ချနိုင်ရန် ဆောင်ရွက်ရမည်။

(၁၀) COVID-19 ရောဂါဖြစ်ပွားသော မြို့နယ်များရှိ ဆေးရုံများအားလုံး ဒေသန္တရ ကျန်းမာရေးဌာနများတွင် ဖွင့်လှစ်သော Fever clinic များသို့ သွေးလွန်တုပ်ကွေး သံသယလူနာများအား စစ်ဆေးရန် Dengue Test kit များ လုံလောက်စွာ ထောက်ပံ့ပေး၍ လမ်းညွှန်ချက်အရ ဆောင်ရွက်ခြင်း သတင်းပို့ခြင်းများ ဆောင်ရွက်ရန် ညှိနှိုင်းကြီးကြပ်ပေးရမည်။ မှတ်တမ်းထားရှိ သတင်းပေးပို့စေရမည်။

(၁၁) သွေးလွန်တုပ်ကွေးရောဂါလူနာများကို ဆေးရုံ ဆေးခန်းသို့ ပို့ဆောင်ရာ၌ အသွားအလာကန့်သတ်ထားသော အချိန်/နေရာများတွင် ခရီးဖြတ်သန်းသွားလာခွင့်ကို တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(၁၂) မြို့နယ်များတွင် Risk area သတ်မှတ်ပြီး Larva Survey ပြုလုပ်ခြင်း၊ အဘိတ်ခတ်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်မှ ကြီးကြပ်လမ်းညွှန်ပေးရမည်။

(၁၃) Outbreak ဖြစ်လာသော နေရာဒေသကို မြို့နယ်အဆင့်တွင် ဖွဲ့စည်းထားသော outbreak response teamမှ စတင်ကွင်းဆင်း၍ လိုအပ်ပါက တိုင်းဒေသကြီး/ ပြည်နယ် ရပကန အဖွဲ့မှ ကွင်းဆင်း၍ ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရမည်။

(၁၄) Dengue Serosurveillance အတွက် အမျိုးသားကျန်းမာရေးဓါတ်ခွဲခန်းသို့ မြို့နယ်များမှ သွေးနမူနာများ ပေးပို့စစ်ဆေးနိုင်ရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(၁၅) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ဖြန့်ဝေပေးထားသောmobile tablets များကိုအကျိုးရှိစွာအသုံးပြု၍သွေးလွန်တုပ်ကွေးရောဂါအတွက် သတင်းရယူခြင်း၊ သတင်းပေးပို့ခြင်းများ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ပေးရမည်။

(၁၆) နေ့စဉ်နှင့် အပါတ်စဉ်အလိုက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား/ သေဆုံး စာရင်းများ၊ အပါတ်စဉ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များအား ဗဟိုသို့ အချိန်မီတင်ပြရမည်။

(၁၇) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကောက်ယူရရှိသော သတင်းအချက်အလက်များကို ဗဟိုသို့အစီရင်ခံသည့်အပြင် မိမိ၏ သတင်းအချက်အလက်များကို နေ့စဉ်ပုံမှန် ဆန်းစစ်သုံးသပ်၍ epidermic curve များရေးဆွဲပြီး သုံးသပ်တင်ပြ အစီရင်ခံရမည်။

(၁၈) ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့၏ သက်ဆိုင်ရာ Data Focal Person များ အဆင့်တိုင်းတွင်ထားရှိပြီး သတင်းအချက်အလက်များကို နေ့စဉ်ကိုက်ညှိ၍ စာရင်းများကို Viber Group (သို့မဟုတ်) Fax (သို့မဟုတ်) Telephone ဖြင့်

သတ်မှတ် ထားသည့် အချိန်အတိုင်း အဆင့်ဆင့် အရောက်ပေးပို့နိုင်အောင် ဆောင်ရွက်ရမည်။ဆေးရုံများမှ နေ့စဉ်သွေးလွှန်တုပ်ကွေးအတည်ပြုလူနာ စာရင်းအား တိုင်းဒေသကြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ နေ့လည် (၁၂) နာရီအရောက် ပေးပို့ရမည်။ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်ဆင့် ဗဟိုရုံးပကနသို့ နေ့လည်(၂)နာရီအရောက်ပေးပို့ရမည်။ ဗဟိုရုံးပကနသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတဆင့် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ နေ့စဉ်မနက် (၈)နာရီအရောက် သတင်းပေးပို့ရမည်။

(၁၉) တိုင်းဒေသကြီး/ပြည်နယ် သတင်း Page များမှ နေ့စဉ်/ အပတ်စဉ် လိုအပ်သလို လုပ်ဆောင်ချက်များ၊ သတင်းများကို အသိပေး ထုတ်ပြန်သွားရမည်။

(၂၀) ရက်သတ္တပါတ်အတွင်း ဖုံး၊ သွန်၊ တိုက်ချွတ်၊ လဲ၊ စစ် လုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိကရုံးဌာနများ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များ၊ ဈေးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများ၊စာသင်ကျောင်းများ၊ တက္ကသိုလ်များအားလုံးနှင့်ရပ်ကွက်၊ ကျေးရွာ အုပ်စုထဲရှိ (သို့) နေအိမ်များနှင့် အိမ်ပတ်ဝန်းကျင်၊ လမ်းပတ်ဝန်းကျင် နေရာများတွင် COVID-19 ကာကွယ်ရေးလမ်းညွှန်ချက်နှင့်အညီ ပြုလုပ်ဆောင်ရွက်ရန် ညှိနှိုင်းကြီးကြပ် ရမည်။

(၂၁) ပိုးလောက်လန်းကင်းစင်ကျောင်းများ ဖြစ်စေရေးအတွက် ကျောင်းသား လူငယ်များအား အေးဒီး(စ်)ပိုးလောက်လန်း ကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်း၊ ကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းတစ်ခုအဖြစ် အေးဒီး(စ်) ပိုးလောက်လန်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ကျောင်းသူများ၊မိဘဆရာအသင်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ အစိုးရမဟုတ် သောအဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ ၏ ပူးပေါင်းပါဝင်မှုဖြင့် အေးဒီး(စ်) ပိုးလောက်လန်း ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများကို တစ်နှစ်ပတ်လုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးတို့နှင့် ညှိနှိုင်း ကြီးကြပ်ရမည်။

(၂၂) ခြင်ကျားပိုးလောက်လန်း ကင်းစင်ကျောင်း စီမံချက်ကိုအခြေခံ၍ ဖွံ့ဖြိုးရေး အချိန်ကဲ့သို့ စာသင်ချိန်များတွင် ကျောင်းသားလူငယ်များကို ဖုံး၊ သွန်၊ တိုက်ချွတ်၊ လဲ၊ စစ် ပြုလုပ်ခြင်းကို လုပ်တတ်လာစေရန် သင်ကြားပေးခြင်း၊ ပြုလုပ်တတ်လာပါက ကျောင်းတွင်သာမက မိမိတို့ အိမ်များတွင်ပါ ပြုလုပ်လာစေရန် တိုက်တွန်းပေးခြင်း၊ ရောဂါဖြစ်သော ကျောင်းသားလူနာ ရှိသော ကျောင်းများကို ဆေးမှုတ်ခြင်းနှင့် ဖုံး၊ သွန်၊ တိုက်ချွတ်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ကျောင်းမလာ နိုင်သောဖျားနာ ကျောင်းသားများကို ရှာဖွေဆေးကုသပေးခြင်း၊ ကျောင်းအနီးအနား ပတ်ဝန်းကျင်တွင် အိမ်များရှိပါက ၎င်းအိမ်များကိုလည်း ဖုံး၊ သွန်၊ တိုက်ချွတ်၊ လဲ၊ စစ် ပြုလုပ်၍လိုအပ်ပါကအဘိတ်ခပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးနှင့် ညှိနှိုင်းကြီးကြပ်ရမည်။

(၂၃) တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းလမ်းညွှန်ချက်ကို အခြေခံ၍ ပြင်ဆင်ထားရှိသော အခြေအနေကို ဗဟိုသို့ ပြန်လည်တင်ပြရပါမည်။

**၄.၃။ မြို့နယ်အဆင့်မှ ဆောင်ရွက်ရန်**

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ကာကွယ်တားဆီးရေးလုပ်ငန်းလမ်းညွှန်ချက်များကို ဖြန့်ဝေ ပေးရမည်။

(၂) မြို့နယ်အဆင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှုပေးနိုင်ရန် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တင်ပြဆောင်ရွက်ရမည်။

(၃) COVID-19 ဖြစ်ပွားစဉ်ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စံကိုက် လုပ်ငန်းလမ်းညွှန်များကို မြို့နယ်များအတွင်းရှိ ကျန်းမာရေး ဝန်ထမ်းများသို့ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ရမည်။

(၄) မြို့နယ်အဆင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးခြင်း (Advocacy meeting)ကို မြို့နယ်အဆင့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကော်မတီ (သို့မဟုတ်) COVID-19 ကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီမှ ဦးဆောင်၍ Video conferencing ပြုလုပ်ဆောင်ရွက်ပေးရမည်။

(၅) အုပ်ချုပ်ရေးဌာန၊ စည်ပင်သာယာရေးဌာနများနှင့် အခြားသော နီးနွယ်ဌာန ဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများပါဝင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်အသိပေးညှိနှိုင်းရမည်။

(၆) လိုအပ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို COVID-19 ကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို တွက်ချက်၍ တင်ပြတောင်းခံရမည်။ လိုအပ်ချက်ရှိပါက ထပ်မံ၍တင်ပြ တောင်းခံရမည်။

(၇) သွေးလွန်တုပ်ကွေးရောဂါကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများဖြန့်ဝေခြင်း၊ လူများဖြတ်သန်းသွားလာ နားနေရာ နေရာများတွင် ဗီနိုင်း ဆိုင်းဘုတ်များ ထောင်ထားခြင်းများ ပြုလုပ်ပေးရမည်။

(၈) ပြည်သူလူထုအတွက်COVID- ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း တပြိုင်နက် လက်ကိုင် အသံချဲ့စက်ဖြင့် သွေးလွန်တုပ်ကွေးအန္တရာယ် ကာကွယ်ရေး အသိပေး နှိုးဆော် ကြေညာပေးရမည်။

(၉) သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Video Conferencing များပြုလုပ်၍ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် BHS Guideline သင်တန်းများပို့ချနိုင်ရန် ဆောင်ရွက်ရမည်။

(၁၀) COVID-19 ရောဂါဖြစ်ပွားသော မြို့နယ်များရှိ ဆေးရုံများအားလုံး ဒေသန္တရ ကျန်းမာရေး ဌာနများတွင် ဖွင့်လှစ်သော Fever clinic များသို့ သွေးလွန်တုပ်ကွေး သံသယလူနာများ အားစစ်ဆေးရန် Dengue Test kit များ လုံလောက်စွာထောက်ပံ့ ပေး၍ လမ်းညွှန်ချက် အရဆောင်ရွက်ခြင်း သတင်းပို့ခြင်းများ ဆောင်ရွက်စေရပါမည်။ မှတ်တမ်းထားရှိ သတင်းပေးပို့စေရမည်။

(၁၁) သွေးလွန်တုပ်ကွေးရောဂါလူနာများကို ဆေးရုံ ဆေးခန်းသို့ ပို့ဆောင်ရာ၌ အသွားအလာ ကန့်သတ်ထားသော အချိန်/ နေရာများတွင် ခရီးဖြတ်သန်းသွားလာခွင့်ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(၁၂) အဘိတ်ခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာအလိုက် စေတနာ့ ဝန်ထမ်း(၂)ဦးနှင့်ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁ (သို့မဟုတ်) ကြီးကြပ်-၂ (သို့မဟုတ်) သက်ဆိုင်ရာ သားဖွား ဆရာမတို့မှ ဦးဆောင်၍ စုစုပေါင်း လူ(၃)ဦး ပါဝင်သော အဖွဲ့ဖွဲ့၍ ဆောင်ရွက်ရပါမည်။ မြို့နယ်အလိုက် နှစ်စဉ်နှစ်တိုင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား မှုများသော ရပ်ကွက်/ ကျေးရွာများ၊ Larva Survey ပြုလုပ်ရာ၌ ပိုးတွေ့အိမ်ရာနှုန်း (HI >10% ) နှင့် အိမ်ခြေ ၁၀၀ တွင် ပိုးတွေ့ အိုးခွက်ရာခိုင်နှုန်း (BI >20%) တွေ့ရှိသော နေရာများကို Risk Area အဖြစ် သတ်မှတ်၍ ဦးစားပေး ဆောင်ရွက်ရပါမည်။ သွေးလွန် တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိလာပါကဖြစ်ပွားသည့်အိမ်နှင့်မီတာ ၃၀၀အတွင်းရှိ အိမ်များ အားလုံး၏ အိုးခွက် အားလုံးကို အဘိတ်ခတ်ပေးရမည်။

(၁၃) ကြီးမားသော ရေကန်၊ အုတ်ကန်များအတွင်းနှင့် အဘိတ်မလုံလောက်သော နေရာများ တွင် ပိုးလောက်လန်းစား ငါးထည့်ခြင်းကို ဆောင်ရွက်ရပါမည်။ ပိုးလောက်လန်းစား ငါးများဖြစ်သော ဒေါင်းငါး၊ ငါးထိပ်ကွက် စသည့်ငါးများ ရရှိရေးအတွက် ငါးလုပ်ငန်းဦးစီး ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၁၄) ဆေးမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်မြို့နယ်မှရပကန ဝန်ထမ်း(၂)ဦး၊ သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူ(၁)ဦး၊ရပ်ကွက်ကျေးရွာမှ တာဝန်ရှိသူ(၁)ဦး စုစုပေါင်း(၄)ဦး ပါဝင်သော အဖွဲ့ကို ဖွဲ့စည်း၍ ဆောင်ရွက်ရပါမည်။ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသော လူနာ၏အိမ်ကို ဗဟိုပြု၍ ပတ်ဝန်းကျင် မီတာ (၁၀၀)အကွာအဝေး ရှိ အိမ်များအားလုံးကို ဆေးမှုတ်ရပါမည်။ ဆေးမှုတ်ရာတွင် အသုံးပြုရသော ( ဒီဇယ်၊ ခရီးစရိတ်၊ နေ့တွက်စရိတ်)များကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါ နှိမ်နင်းရေးဌာနခွဲ ရန်ပုံငွေမှ ဦးစားပေး၍ သုံးစွဲရပါမည်။

(၁၅) Outbreak ဖြစ်လာသော နေရာဒေသကို မြို့နယ်အဆင့်တွင် ဖွဲ့စည်းထားသော outbreak response team မှစတင်ကွင်းဆင်း၍ လိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ် ရပကန အဖွဲ့မှ အကူအညီတောင်းခံပြီး ထိန်းချုပ်ရေးလုပ်ငန်းများလုပ် ဆောင်ရမည်။

(၁၆) အမျိုးသားကျန်းမာရေးဓါတ်ခွဲဌာနနှင့် Dengue Serosurveillance အတွက် Dengue Serotype စစ်ဆေးရန်သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများသော မြို့နယ်များမှ ပိုးတွေ့လူနာ (၅)ဦး၏ သွေးနမူနာများကို ရန်ကုန်မြို့ အမျိုးသားကျန်းမာရေးဓါတ်ခွဲဌာနသို့ ပို့ဆောင်ရန်ဆောင်ရွက်ရမည်။

(၁၇) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ဖြန့်ဝေပေးထားသောmobile tabletsများကိုအကျိုးရှိစွာ အသုံးပြု၍ သွေးလွန်တုပ်ကွေးရောဂါအတွက် သတင်းရယူခြင်း၊ သတင်းပေးပို့ခြင်းများ ဆောင်ရွက်ပေးရမည်။

(၁၈) နေ့စဉ်နှင့် အပါတ်စဉ်အလိုက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား/ သေဆုံး စာရင်းများ၊ အပါတ်စဉ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များအား တိုင်းဒေသကြီး/ပြည်နယ်သို့ အချိန်မီတင်ပြရမည်။

(၁၉) ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့၏ သက်ဆိုင်ရာ Data Focal Person များ အဆင့်တိုင်းတွင်ထားရှိပြီး သတင်းအချက်အလက်များကို နေ့စဉ်ကိုက်ညှိ၍ စာရင်းများကို Viber Group (သို့မဟုတ်) Fax (သို့မဟုတ်) Telephone ဖြင့် သတ်မှတ် ထားသည့် အချိန်အတိုင်း အဆင့်ဆင့် အရောက်ပေးပို့နိုင်အောင် ဆောင်ရွက်ရမည်။ဆေးရုံများမှ နေ့စဉ်သွေးလွန်တုပ်ကွေးအတည်ပြုလူနာ စာရင်းအား တိုင်းဒေသကြီးပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ နေ့လည် (၁၂) နာရီအရောက် ပေးပို့ရမည်။ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်ဆင့် ဗဟိုရပကနသို့ နေ့လည်(၂)နာရီအရောက်ပေးပို့ရမည်။ ဗဟိုရပကနသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတဆင့် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ နေ့စဉ်မနက် (၈)နာရီအရောက် သတင်းပေးပို့ရမည်။*(သတင်းပေးပို့မှု Form များကို နောက်ဆက်တွဲတွင် ကြည့်ပါရန်)

(၂၀) ပြည်သူလူထုပါဝင်သော လှုပ်ရှားမှုများအဖြစ် အိမ်ထောင်စုတိုင်းကို စနေနေ့တိုင်း မိမိနေအိမ်တွင်းနှင့် နေအိမ်ဝန်းကျင် ပိုးလောက်လန်းနှိမ်နင်းရေး ဖုံး၊ သွန်၊ တိုက်ချွတ်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ လိုအပ်ပါက အဘိတ်ခတ်ခြင်းများကို သက်ဆိုင်ရာကျန်းမာရေးဌာနမှရယူ၍ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရပါမည်။ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ကျန်းမာရေးဝန်ထမ်းများမှ ကွင်းဆင်းကြီး ကြပ်ပေးရမည်။

(၂၁) သွေးလွန်တုပ်ကွေးရောဂါ၊ မိမိကစ ကာကွယ်ပါ ဆောင်ပုဒ်နှင့်အညီ အခြေခံကျန်းမာရေးဝန်ထမ်းများမှ ပိုးလောက်လန်းနှိမ်နင်းရေး လုပ်ငန်းများကို အခွင့်သင့်သလို ပြည်သူများအား ပညာပေးသင်ကြားရန်နှင့် ဖျားလျှင် နီးစပ်ရာ ကျန်းမာရေးဌာန (သို့မဟုတ်) Fever Clinic ချက်ချင်းသွားရောက်ကုသမှုခံယူရန် ပညာပေးတိုက်တွန်းခြင်းများ ပြုလုပ်ရမည်။

(၂၂) ရက်သတ္တပါတ်အတွင်း ဖုံး၊ သွန်၊ တိုက်ချွတ်၊ လဲ၊ စစ် လုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိကရုံးဌာနများ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များ၊ ဈေးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များအားလုံးနှင့် ရပ်ကွက် (သို့) ကျေးရွာအုပ်စုများထဲရှိ နေအိမ်များနှင့် အိမ်ပတ်ဝန်းကျင်၊ လမ်းပတ်ဝန်းကျင် နေရာများတွင် COVID-19 ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်မည်။

(၂၃) အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ မိတ်ဖက်အဖွဲ့အစည်းနှင့် EHO တို့မှ လေ့ကျင့်ထားပေးသော စေတနာ့ဝန်ထမ်း ငှက်ဖျားလုပ်သားများကို ICMV guideline ပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ရောဂါလက္ခဏာများ၊ သွေးလွန်တုပ်ကွေး သံသယလူနာများအား နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ ညွှန်းပို့ခြင်း လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မွန်းမံသင်တန်းပေးရမည်။

(၂၄) ပိုးလောက်လန်းကင်းစင်ကျောင်းများ ဖြစ်စေရေးအတွက် ကျောင်းသားလူငယ်များ အား အေးဒီး(စ်)ပိုးလောက်လန်းကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ ကျန်းမာရေး ပညာပေးရမည်။

(၂၅) ကျောင်းများတွင် မြို့နယ်ကျောင်းကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းတစ်ခုအဖြစ် အေးဒီး (စ်) ပိုးလောက်လန်းနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ရမည်။

(၂၆) ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘဆရာအသင်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အေးဒီး(စ်) ပိုးလောက်လန်းကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို တစ်နှစ်ပတ်လုံးအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(၂၇) ကျောင်းများတွင် ပိုးလောက်လန်း ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်မှုအခြေအနေနှင့် မှတ်တမ်းများကို ကျောင်းအုပ်ကြီးများမှတစ်ဆင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ တင်ပြနိုင်ရန် မြို့နယ်ပညာရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၂၈) ကပ်ရောဂါအသွင် ဖြစ်ပွားသော ဒေသရှိ ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ တွေ့ရှိပါက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အလျင်အမြန် အကြောင်းကြားရမည်။

(၂၉) နေ့စဉ် ဖျားနာကျောင်းသား၊ ကျောင်းသူစာရင်း စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း (Daily Fever Surveillance)၊ဖျားနာ၍ကျောင်းသား/ကျောင်းသူများ အစုလိုက် ကျောင်းပျက်ကွက်မှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း (Cluster School - Absenteeism)၊ ဖျားနာကျောင်းသား/ကျောင်းသူ(ကျောင်းပျက်ကွက်သူများ အပါ အဝင်) များ၏ အမည်၊ အသက်၊

ကျား/မ၊ မိဘအမည်၊ နေရပ်လိပ်စာများ ပြည့်စုံစွာ မှတ်တမ်းပြု၍ မြို့နယ်ပြည်သူ့ ပြည်သူ့ ကျန်းမာရေးဦးစီး ဌာနသို့ အချိန်နှင့် တပြေးညီ အကြောင်းကြားရမည်။

(၃၀) မြို့နယ်အဆင့်လုပ်ငန်းလမ်းညွှန်ချက်ကို အခြေခံ၍ ပြင်ဆင်ထားရှိသော အခြေအနေကို တိုင်းဒေသကြီး/ပြည်နယ်သို့ ပြန်လည်တင်ပြရမည်။

**၄.၄။ ဆေးရုံများ၊ ဆေးခန်းများ၊ ဓါတ်ခွဲဌာနများနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများမှ ဆောင်ရွက်ရန်**

(၁) ဆေးရုံများရှိ ပြင်ပလူနာဌာန၊ အရေးပေါ်ကုသမှုဌာနတို့တွင် Hospital based fever clinic နှင့် Fever corner များတွင် ကိုယ်အပူချိန်တက်ခြင်းဖြင့် လာရောက်ပြသသော လူနာများအတွက် COVID-19 ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်အတိုင်း တိကျစွာလိုက်နာ စေရမည်၊

